# တရားစီရင်ရေး
# မဟာဗျူဟာ စီမံကိန်း
# (၂၀၁၈ - ၂၀၂၂)

အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့

# မာတိကာ


| | |
|---|---|
| ပြည်ထောင်စုတရားသူကြီးချုပ်၏ ဥယျောဇဉ် | |
| နောက်ခံအကြောင်းအရာနှင့် နည်းစနစ်များ | ၁ |
| ၂၀၁၈-၂၀၂၂ ခုနှစ် မဟာဗျူဟာစီမံကိန်းအကြောင်းအကျဉ်းချုပ် | ၃ |
| မဟာဗျူဟာဦးစားပေးအစီအစဉ် | ၄ |
| အဓိက မဟာဗျူဟာလုပ်ငန်းနယ်ပယ်များ | ၆ |
| အဓိကလုပ်ငန်းလျာထားသတ်မှတ်ချက်များ | ၁၃ |
| မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်း | ၁၆ |
| ငါးနှစ်တာမဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၁၈ - ၂၀၂၂) | ၁၇ |
| မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၁၊ တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန် | ၁၇ |
| မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၂၊ အများပြည်သူ၏အသိအမြင်ကို မြှင့်တင်ပေးရန် | ၁၈ |
| မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၃၊ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန် | ၁၉ |
| မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၄၊ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန် | ၂၀ |
| မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၅၊ ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန် | ၂၃ |
| ပထမနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၁၈) | ၂၄ |
| အတိုကောက်အခေါ်အဝေါ်များ | ၄၂ |
| အဓိပ္ပါယ်ဖွင့်ဆိုချက်များ | ၄၄ |

# ပြည်ထောင်စုတရားသူကြီးချုပ်၏ ဉယျောဇဉ်

လွန်ခဲ့သည့်နှစ်ကာလများအတွင်း တရားရုံးများရှိ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းတာဝန်များ၊ စီမံခန့်ခွဲရေးလုပ်ငန်းများသည် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း(၂၀၁၅-၂၀၁၇)အောက်တွင် ထူးခြားသည့်အပြောင်းအလဲများဖြစ်ပေါ်ခဲ့သည်။ အဆိုပါ မဟာဗျူဟာစီမံကိန်းအပေါ် အခြေပြုလျက် မဟာဗျူဟာနယ်ပယ်များကို ရွေးချယ်သတ်မှတ်ကာ နှစ်စဉ်မဟာဗျူဟာ အစီအစဉ်များ၊ ဆောင်ရွက်ချက်များကို သတ်မှတ်ဆောင်ရွက်ခဲ့သည်။ ၂၀၁၇ ခုနှစ် နှောင်းပိုင်းတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ယခင် သုံးနှစ်တာ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း အပေါ်အခြေပြုပြီးနောက် ပြည်သူလူထု၏ ဖြစ်ပေါ်လျက်ရှိသည့် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် "အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့" ဆိုသော ဆောင်ပုဒ်နှင့်အညီ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းအသစ် (၂၀၁၈-၂၀၂၂)ကို ရေးဆွဲခဲ့သည်။ အဆိုပါ စီမံကိန်းအသစ်နှင့်အတူ စီမံကိန်း၏ အစအဦးနှစ်ဖြစ်သည့် ၂၀၁၈ ခုနှစ်အတွက် မဟာဗျူဟာ လုပ်ငန်းစဉ် အစီအစဉ်သည်လည်း အသေးစိတ် လုပ်ငန်းစဉ်များနှင့်အတူ ပူးတွဲပါရှိပါသည်။

မိမိတို့အနေနှင့် ဤတရားစီရင်ရေးဆိုင်ရာ ငါးနှစ်တာမဟာဗျူဟာစီမံကိန်းအား ပြည်သူလူထုသို့ ဂုဏ်ယူ ဝမ်းမြောက်စွာဖြင့် တင်ပြလိုက်ရပါသည်။ ယခုစီမံကိန်းမှနေ၍ တရားစီရင်ရေးကဏ္ဍအနေဖြင့် လာမည့်ငါးနှစ်တာကာလအတွင်း ဆောင်ရွက်သွားရမည့်လုပ်ငန်းများ၊ လုပ်ဆောင်ချက်များကို ဖော်ညွှန်းသွားမည်ဖြစ်သည်။ ထို့ပြင် တရားရုံးဝန်ဆောင်မှုများ၊ လက်လှမ်းမီနိုင်မှုများ၊ တာဝန်ခံယူနိုင်မှုများတိုးတက်လာခြင်းဖြင့် မဟာဗျူဟာစီမံကိန်းသည် အများပြည်သူတို့က တရားစီရင်ရေးကဏ္ဍအပေါ် ယုံကြည်ကိုးစားလာမှုတိုးတက်မြင့်မားလာစေရေးအတွက် မူဘောင်ချမှတ်ရာ ရောက်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများပေါကြွယ်ဝသည်သာမက နီးကြားတက်ကြွသည့် လူတန်းစား အလွှာပေါင်းစုံနေထိုင်သည့် တိုင်းပြည်လည်းဖြစ်သည်။ နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ညီမျှခြင်း၊ လွတ်လပ်ခြင်းနှင့် တရားမျှတခြင်း အခွင့်အရေးများကို လူတိုင်းကရရှိခံစားနိုင်အောင် အာမခံချက်ပေးထားသည်။ ထိရောက်မှုရှိသည့် ဒီမိုကရေစီစနစ်အတွက် မရှိမဖြစ်လိုအပ်သည့် အဆိုပါ အခွင့်အရေးများကို တရားဥပဒေစိုးမိုးမှုရှိနေမှသာ ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ တရားရုံးများအနေဖြင့်လည်း ယင်းသို့သော နှစ်သက်လိုလားအပ်သည့် အခွင့်အရေးများအပေါ် ထိန်းသိမ်းစောင့်ရှောက်သူတစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မိမိတို့အနေနှင့် လာမည့်နှစ်များအတွင်း အကောင်းမွန်ဆုံးသော ဝန်ဆောင်မှုများပေးနိုင်ရန်၊ ပိုမိုထိရောက်အကျိုးရှိသည့် လုပ်ငန်းများလုပ်ဆောင်နိုင်ရန်နှင့် ဖွံ့အားအရင်းအမြစ်များကို ယခုထက်ပို၍ ထိထိရောက်ရောက် အသုံးပြုနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဟု အလေးအနက်ကတိပြုအပ်ပေသည်။ အသစ်ပြဌာန်းလိုက်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေး

ဥပဒေဖြင့် အကူအညီ လိုအပ်နေသောသူများ သို့ အရည်အသွေးပြည့်မီသည့် ဥပဒေရေးရာပံ့ပိုးကူညီမှုများပေးနိုင်ရေးအတွက် လမ်းညွှန်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ထို့အပြင် တရားစီရင်ရေးနှင့် တရားရုံးဝန်ထမ်းများကလည်း တရားရုံးအား လုံခြုံစိတ်ချရပြီး ပညာရှင်ပီပီသသ ဆောင်ရွက်နိုင်သည့် ဝန်းကျင်တစ်ရပ်အဖြစ် တရားရုံးအသုံးပြုသူများအပေါ် ယဉ်ကျေးပျူငှာသည့်ဝန်ဆောင်မှုများ ဆက်လက်ပေးသွားကြရမည်ဖြစ်သည်။ တရားရုံးများ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ လိုအပ်သည့်သတင်းအချက်အလက်များပေးခြင်းဖြင့် အများပြည်သူ၊ မီဒီယာတို့နှင့် ထိတွေ့ဆက်ဆံကြရပေမည်။ တရားရုံး၏လုပ်ငန်းများကို မျှတမှု၊ ထိရောက်မှု၊ ပွင့်လင်းမြင်သာမှုများနှင့်အတူ စီမံခန့်ခွဲဆောင်ရွက်ခြင်းဖြင့် တရားစီရင်ရေးကဏ္ဍအပေါ် ယုံကြည်စိတ်ချရပြီး လွတ်လပ်မှုရှိသည့် မဏ္ဍိုင်တစ်ရပ်ဖြစ်လာအောင် ဆက်လက်ဆောင်ရွက်ကြရပေမည်။ တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများအနေဖြင့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာနှင့် လုပ်ငန်းပိုင်းဆိုင်ရာ မြင့်မားသည့်စံနှုန်းများ ရရှိရန်နှင့် အဆိုပါစံနှုန်းများ တည်တံ့ခိုင်မြဲနေစေရန် ဆက်လက်၍ လေ့ကျင့်သင်ကြားသွားကြမည်ဖြစ်သည်။ အဆုံးသတ်အားဖြင့် တရားရုံးများအနေဖြင့် တရားစွဲဆိုလာသော အမှုအခင်းများနှင့်ပတ်သက်၍ အချက်အလက်ကောက်ယူခြင်း၊ စိစဉ်ဆောင်ရွက်ခြင်း၊ အမှုစီမံခန့်ခွဲခြင်းတို့တွင် ထိရောက်ပြီး ခေတ်မီသည့် နည်းပညာများသုံးစွဲ၍ စီမံဆောင်ရွက်သွားကြရမည် ဖြစ်သည်။

မိမိတို့၏မဟာဗျူဟာစီမံကိန်းသစ်သည် စီမံကိန်းရေးဆွဲရေးအဖွဲ့နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိ ဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၊ အပြည်ပြည်ဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများအကြားပူးပေါင်း၍ လပေါင်းများစွာ ကြိုးပမ်းအားထုတ်ခြင်း၏ ရလဒ်လည်းဖြစ်သည်။ စီမံကိန်းရေးဆွဲရေးအဖွဲ့နှင့်အတူ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အမေရိကန် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးစီမံကိန်း (USAID-PRLP) အဖွဲ့၏ ပံ့ပိုးကူညီမှုများနှင့်တကွ တရားစီရင်ရေးကဏ္ဍတွင် ပါဝင်ပတ်သက်နေသူများ၊ လူမှုအဖွဲ့အစည်းများ အားလုံးကိုလည်း အထူးအားဖြင့် အသိအမှတ်ပြု ကျေးဇူးတင်ရှိအပ်ပေသည်။ ယင်းတို့၏ အပြုသဘောဆောင်သည့် ပူးပေါင်းအားထုတ်မှုများသည် အမှန်တကယ် တန်ဖိုးထား ကျေးဇူးတင်ထိုက်ပေသည်။



ဦးထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်
နေပြည်တော်




တရားမျှတမှုကဏ္ဍမှ သက်ဆိုင်သူများနှင့် ဆွေးနွေးပွဲ

## နောက်ခံအကြောင်းအရာနှင့် နည်းစနစ်များ

ငါးနှစ်တာ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)ခုနှစ်သည် မြန်မာနိုင်ငံတရားစီရင်ရေးအတွက် ဒုတိယမြောက် မဟာဗျူဟာစီမံကိန်းဖြစ်ပြီး သုံးနှစ်တာ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇)ခုနှစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ပြီးနောက် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းဖြစ်သည်။ မဟာဗျူဟာစီမံကိန်းအသစ်သည် မြန်မာနိုင်ငံတရားစီရင်ရေး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အားကောင်းမှုအတွက် အခြေခံဖြစ်သည့် ယခင် မဟာဗျူဟာစီမံကိန်း၏ အတွေ့အကြုံနှင့် အောင်မြင်မှုတို့အပေါ် အခြေပြုရေးဆွဲထားသည်။

"တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ခုနှစ် ရေးဆွဲရေးလုပ်ငန်းအဖွဲ့"ကို ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ စီမံကိန်းရေးဆွဲရေးလုပ်ငန်းအဖွဲ့သည် မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်များကို အမေရိကန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၊ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးစီမံကိန်း၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ခဲ့သည်။

စီမံကိန်းရေးဆွဲရေးလုပ်ငန်းအဖွဲ့သည် ကနဦးအဆင့်တွင် ယခင်စီမံကိန်း အကောင်အထည်ဖော်မှု၏ အားသာချက်များ၊ အားနည်းချက်များ၊ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ အပေါ် ပြန်လည်လေ့လာ၍ ဌာနတွင်း အကဲဖြတ်မှုတစ်ရပ်ကို ဆောင်ရွက်ခဲ့သည်။ အဆိုပါအကဲဖြတ်မှုကို ယူအင်ဒီပီမှ အပြည်ပြည်ဆိုင်ရာကျွမ်းကျင်သူ၏ အကူအညီဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စီမံကိန်းရေးဆွဲရေးလုပ်ငန်းအဖွဲ့သည် အချက်အလက်နှင့် ကိန်းဂဏန်းဆိုင်ရာ ဆန်းစစ်လေ့လာမှုအတွက် တရားရုံးအဆင့်ဆင့်၏ ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ် အမှုစာရင်းများ၊ ဆောင်ရွက်ချက်များနှင့် ရွေ့ပြေးတရားရုံး ရုံး၏ ၂၀၁၇ ခုနှစ်အတွင်း ဆောင်ရွက်ချက်များအပေါ် အကဲဖြတ်ချက်များကိုလည်း ထည့်သွင်းလေ့လာခဲ့သည်။

ငါးနှစ်တာ မဟာဗျူဟာဖွံ့ဖြိုးတိုးတက်ရန် တရားမျှတမှုကဏ္ဍမှ အကျိုးသက်ဆိုင်သူများ၏ ပါဝင်ဆောင်ရွက်မှုသည် အရေးပါသည့်အတွက် အစိုးရဌာနများနှင့် သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တို့နှင့် တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် ကျင်းပခဲ့ပြီး အကျိုးရှိသည့် အကြံပြုချက်များ ရယူခဲ့သည်။ ဒိန်းမတ်-မြန်မာ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးအစီအစဉ်၊ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအကူအညီပေးရေး နိုင်ငံတကာအဖွဲ့ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၏ ကျွမ်းကျင်သူများကလည်း တန်ဖိုးရှိသည့် နည်းပညာပိုင်းအကူအညီများ ပံ့ပိုးပေးခဲ့သည်။

ဤငါးနှစ်တာမဟာဗျူဟာစီမံကိန်းသည် မြန်မာပြည်သူလူထုအတွက်တန်းတူညီမျှမှုအခွင့်အရေး၊လွတ်လပ်မှုအခွင့်အရေးနှင့် တရားမျှတမှုအခွင့်အရေးတို့ကို အထူးဂရုပြု အလေးထားသည့်အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသည့် နိုင်ငံသူနိုင်ငံသားတို့၏ မူလအခွင့်အရေးဆိုင်ရာ မူများ၊ တရားစီရင်ရေးလွတ်လပ်မှု အခြေခံမူများဆိုင်ရာ ဘီဂျင်းကြေငြာချက်နှင့် တရားစီရင်ရေး အပြုအမူဆိုင်ရာ ဘန်းဂလောအခြေခံမူများကို ထင်ဟပ်ချမှတ်ထားသည့် မဟာဗျူဟာလုပ်ငန်းနယ်ပယ်များနှင့် ရည်မှန်းချက်များဖြင့် ဖွဲ့စည်းထားသည်။

ငါးနှစ်တာ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်းတွင် မဟာဗျူဟာအစီအစဉ်များကို ချမှတ်ဖော်ပြထားသည်။ ပထမနှစ်လုပ်ငန်းအစီအစဉ် (၂၀၁၈ ခုနှစ်)တွင် ဖော်ပြထားသော ဆောင်ရွက်ချက်များသည် အဓိကအားဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဌာနများ၊ လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းအဖွဲ့များက ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏အကြံပြုချက်များကိုလည်း ပေါင်းစပ်ထည့်သွင်းထားသည်။

ငါးနှစ်တာစီမံကိန်း အကောင်အထည်ဖော်မည့် အစီအစဉ်နှင့် စပ်လျဉ်း၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ကျင်းပခဲ့ပြီးနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားရေးဦးစီးမှူးများနှင့် ဆွေးနွေးပွဲတစ်ရပ်ကိုလည်း ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပခဲ့သည်။

ဤမဟာဗျူဟာစီမံကိန်းတွင် အများပြည်သူ လက်လှမ်းမီနိုင်မှု၊ အများပြည်သူ အသိအမြင်၊ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်၊ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံနိုင်မှု၊ ဂုဏ်သိက္ခာရှိမှုနှင့် ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့နှင့်သက်ဆိုင်သည့်အဓိကမဟာဗျူဟာလုပ်ငန်းနယ်ပယ်များ ထည့်သွင်းဖော်ပြထားသည်။ ထို့အပြင် မဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်ဖြစ်သည့် "အားလုံးအတွက် တရားမျှတမှု တိုးတက်စေရေးသို့" ရောက်ရှိစေရန် သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အလိုက် ဆောင်ရွက်မည့် ရည်မှန်းချက်များ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များကိုလည်း ဖော်ပြထားသည်။




*တရားမျှတမှုကဏ္ဍမှ သက်ဆိုင်သူများနှင့် ဆွေးနွေးပွဲ*

## ၂၀၁၈-၂၀၂၂ ခုနှစ် မဟာဗျူဟာစီမံကိန်းအကြောင်းအကျဉ်းချုပ်

ငါးနှစ်တာ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)ခုနှစ်သည် တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ် အတွက် မြန်မာတရားစီရင်ရေး၏ ရည်မှန်းချက်များ၊ လုပ်ငန်းတာဝန်များနှင့် တန်ဖိုးများ၏ အဓိပ္ပါယ်တို့ကို သတ်မှတ်ဖော်ပြထားသည်။ ဤမဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် အဆိုပါရည်မှန်းချက်များကို စီမံကိန်း၏ ပန်းတိုင်အဖြစ်လည်းကောင်း၊ လုပ်ငန်းတာဝန်များကို ပန်းတိုင်သို့ ရောက်ရှိစေမည့် နည်းလမ်းများအဖြစ်လည်းကောင်း၊ တန်ဖိုးများကို တရားစီရင်ရေးစီမံခန့်ခွဲမှု ဆောင်ရွက်ရန် လမ်းညွှန်များအဖြစ်လည်းကောင်း ထင်ဟပ်စေလျက် ဆောင်ရွက်သွားမည်ဖြစ်သည်။

### ရည်မှန်းချက်

- လူတိုင်းသို့အရည်အသွေးမြင့်တရားမျှတမှုကို ဖြည့်ဆည်းပေးရန်
- တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်

### လုပ်ငန်းတာဝန်များ

- တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး
- ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းရေး
- အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး
- တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး

### တန်ဖိုးများ

- သာတူညီမျှမှုနှင့် တရားမျှတမှု
- တရားစီရင်ရေးလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု
- လက်လှမ်းမီနိုင်မှု
- မြန်ဆန်ထိရောက်မှုနှင့် အချိန်မီ ဆောင်ရွက်မှု

### မဟာဗျူဟာလုပ်ငန်းနယ်ပယ်များ

တရားစီရင်ရေး၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ တန်ဖိုးများ ရရှိအောင်မြင်စေရန်အတွက် မဟာဗျူဟာလုပ်ငန်း နယ်ပယ်ငါးရပ်ကို အောက်ပါအတိုင်း သတ်မှတ်ထားသည် -

- တရားရုံးဝန်ဆောင်မှုများ အများပြည်သူ လက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်
- အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်
- တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန်
- တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်
- ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်

## မဟာဗျူဟာဦးစားပေးအစီအစဉ်

ငါးနှစ်တာမဟာဗျူဟာစီမံကိန်းသည် မဟာဗျူဟာလုပ်ငန်းနယ်ပယ် ငါးရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် နောင်လာမည့် ငါးနှစ်တွင် ဆောင်ရွက်မည့် မဟာဗျူဟာ ရည်မှန်းချက် ၁၆ ရပ်၊ အစီအစဉ် ၃၉ ရပ်တို့ကို တိတိကျကျ သတ်မှတ်ဖော်ပြထားသည်။

ငါးနှစ်တာ မဟာဗျူဟာစီမံကိန်းတွင် မဟာဗျူဟာအစီအစဉ်များနှင့် ရလဒ်တိုင်းတာချက်များကိုလည်း ဖော်ပြထားသည်။ အဆိုပါ မဟာဗျူဟာအစီအစဉ်များ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဦးစားပေးအစီအစဉ်များ သတ်မှတ်ရာတွင် ချက်ချင်းလုပ်ဆောင်ရမည့် လိုအပ်ချက်များ၊ ၂၀၁၇ ခုနှစ် လုပ်ငန်းအစီအစဉ်ပါ ဆက်လက်လုပ်ဆောင်ရမည့် ဆောင်ရွက်ချက်များနှင့် အရင်းအမြစ် ရရှိနိုင်မှုတို့အပေါ် အခြေခံထားသည်။

| | |
|---|---|
| ဦးစားပေးအဆင့် ၁ | ၂၀၁၈ ခုနှစ်တွင် ချက်ချင်းလုပ်ဆောင်ရန် အထူးအရေးကြီး မဟာဗျူဟာအစီအစဉ်များ |
| ဦးစားပေးအဆင့် ၂ | ၂၀၁၉ သို့မဟုတ် ၂၀၂၀ ခုနှစ်တွင် ရရှိနိုင်မည့် အရင်းအမြစ်များအရ အကောင်အထည်ဖော်မည့် ထိပ်တန်းဦးစားပေး မဟာဗျူဟာအစီအစဉ်များ |
| ဦးစားပေးအဆင့် ၃ | ၂၀၂၀ သို့မဟုတ် ၂၀၂၂ ခုနှစ်တွင် ရရှိနိုင်မည့် အရင်းအမြစ်များအရ အကောင်အထည်ဖော်မည့် အလယ်အလတ်အဆင့်ဦးစားပေး မဟာဗျူဟာအစီအစဉ်များ |



*တရားမျှတမှုကဏ္ဍမှ သက်ဆိုင်သူများနှင့် ဆွေးနွေးခြင်း*

# အဓိက မဟာဗျူဟာလုပ်ငန်းနယ်ပယ်များ

## မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၁။

### တရားရုံးဝန်ဆောင်မှုများအများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်

မြန်မာနိုင်ငံတွင် တရားမျှတမှုအခွင့်အရေးကို လူတိုင်း ရပိုင်ခွင့်ရှိသည်။ မြန်မာနိုင်ငံတရားစီရင်ရေးသည် လူတိုင်းအတွက် တန်းတူ လက်လှမ်းမီရေး ဆောင်ရွက်ပေးရန်၊ မျှတမှု ရရှိစေရန်နှင့် တရားဥပဒေစိုးမိုးမှုရှိစေရန် ကတိကဝတ် ပြုထားသည်။ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများသည် အမှုအခင်းများတွင် အကောင်းဆုံးဖြစ်နိုင်သည့် နည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် လိုအပ်သည့်အကူအညီများ၊ သတင်းအချက်အလက်များကို အများပြည်သူသို့ ဝမ်းမြောက်စွာ ဆောင်ရွက်ပေးနေသည်။ ယခုအခါ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေသည် အာဏာသက်ရောက်ပြီဖြစ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အဆိုပါ ဥပဒေသစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေးအတွက် လမ်းပြကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။ ရာဇဝတ်မှုဖြင့် စွပ်စွဲခံရသူများသည် မည်သည့်အခြေအနေတွင် ရှိသည်ဖြစ်စေ ၎င်းတို့အားလုံးအတွက် အရည်အသွေးပြည့်ဝသည့် ဥပဒေအရ ကိုယ်စားပြု ဆောင်ရွက်ပေးသူ ရရှိရေး ဆောင်ရွက်ပေးမည် ဖြစ်သည်။

မြန်မာတရားရုံးများသည် တရားစီရင်ရေးဆိုင်ရာဝန်ဆောင်မှုများကို တန်းတူလက်လှမ်းမီရေးနှင့် တရားရုံးမှလိုအပ်သော သတင်းအချက်အလက်များ ရရှိရေးအတွက် လုံခြုံစိတ်ချ၍ အသုံးပြုသူများ အကျွမ်းတဝင်ဖြစ်မည့် ပတ်ဝန်းကျင်တစ်ခု ဆောင်ရွက်ပေးရန် ကြိုးပမ်းလျက်ရှိသည်။ အဆင့်ဆင့်သော တရားရုံးအဆောက်အဦများကို ခေတ်မီလာစေရန် ဆောင်ရွက်လျက်ရှိသည့်အပြင် တရားရုံးများသည် ဂုဏ်သိက္ခာရှိမှု၏ လမ်းညွှန်အဖြစ်လည်းကောင်း၊ နိုင်ငံသားအခွင့်အရေးများ ကာကွယ်ပေးရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ပေးသည့် အဓိကအခန်းကဏ္ဍ၏ အမှတ်သင်္ကေတအဖြစ်လည်းကောင်း ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

**မဟာဗျူဟာရည်မှန်းချက် ၁.၁ ထိရောက်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးစနစ် တည်ထောင်ရန်**

**ဦးစားပေးအဆင့် ၁ အစီအစဉ်**

- နိုင်ငံတစ်ဝှမ်းတွင် ထိရောက်သော ဥပဒေဆိုင်ရာအထောက်အကူပေးရေးစနစ်တစ်ရပ်ကို စီမံဆောင်ရွက်ရန် ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အား ကူညီဆောင်ရွက်ပေးခြင်း

**မဟာဗျူဟာရည်မှန်းချက် ၁.၂ တရားရုံးအသုံးပြုသူများ လက်လှမ်းမီနိုင်မှု တိုးတက်စေရန်**

**ဦးစားပေးအဆင့် ၁ အစီအစဉ်**

- တရားရုံးများတွင် ခေတ်မီ အများပြည်သူဆိုင်ရာ သတင်းအချက်အလက်ကောင်တာများနှင့် အမှုလက်ခံဌာနများ တည်ထောင်ခြင်း
- အများပြည်သူအတွက် နည်းပညာသုံးမှုခင်းသတင်းအချက်အလက်စနစ် ဆောင်ရွက်ခြင်း

**မဟာဗျူဟာရည်မှန်းချက် ၁.၃ တရားရုံးသို့ လာရောက်သူများအား ယဉ်ကျေးလိုက်လျောလေးစားစွာ ဆက်ဆံရန်**

**ဦးစားပေးအဆင့် ၁ အစီအစဉ်**

- တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအတွက် ဝန်ဆောင်မှုသင်တန်း ဆက်လက်ပေးခြင်း

**မဟာဗျူဟာရည်မှန်းချက် ၁.၄ တရားရုံးဝန်ဆောင်မှုများ လက်လှမ်းမီနိုင်မှု တိုးတက်စေရေးအတွက် တရားရုံးအဆောက်အဦအသစ်များ ဆောက်လုပ်ရန်နှင့် လက်ရှိအဆောက်အဦများအား ပြုပြင်မွမ်းမံရန်**

**ဦးစားပေးအဆင့် ၁ အစီအစဉ်**

- တရားရုံးဝန်ဆောင်မှုများ လက်လှမ်းမီနိုင်မှု တိုးတက်ရေးအတွက် အခြေခံစံထားရှိသည့်ပုံစံ သတ်မှတ်ခြင်း
- တရားရုံးတွင် ပြည့်စုံလုံလောက်မှုနှင့် စိတ်ချရမှုတို့ကို ရရှိခံစားနိုင်စေရန် တရားရုံးအထောက်အပံ့ပစ္စည်းများ ခေတ်မီအောင် ဆောင်ရွက်ခြင်း

တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းခြင်းနှင့် အကောင်အထည်ဖော်ခြင်းသည် ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်ပြီး တရားစီရင်ရေး၏ အရေးကြီးဆုံးသော တာဝန်တစ်ရပ်လည်း ဖြစ်သည်။ တရားရုံးများအပေါ် အများပြည်သူ၏ ယုံကြည်ကိုးစားမှုကို မြှင့်တင်ရန် ရည်မှန်းထားသည်။ အများပြည်သူနှင့် ပွင့်လင်းမြင်သာစွာ ပြောဆိုဆက်ဆံခြင်း၊ အများပြည်သူကို အသိပညာပေးခြင်းနှင့် တရားရုံး-ရပ်ရွာလူထု အသိအမြင်အစီအစဉ်များကို ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည် ဖြစ်သည်။ တရားရုံးအဆင့်ဆင့်တွင် သတင်းအချက်အလက်ဝန်ဆောင်မှုများပေးခြင်းဖြင့် သတင်းမီဒီယာ၊ အများပြည်သူနှင့် အတူတကွ လုပ်ဆောင်သွားမည်။ မှုခင်းလုပ်ငန်းစဉ်နှင့် လူတိုင်းအတွက် တရားမျှတမှု လက်လှမ်းမီရေး မြှင့်တင်ခြင်းဖြင့် ရရှိသည့် အကျိုးရလဒ်အဆင့်ဆင့်ကို အများပြည်သူသို့ ကြိုတင်ထုတ်ပြန်သွားမည်ဖြစ်သည်။ အလားတူ အများပြည်သူသိလိုသည့် မေးမြန်းမှုများကို ကြိုဆိုလက်ခံ၍ အချိန်မီ သင့်လျော်စွာ တုံ့ပြန်ဖြေကြားသွားမည် ဖြစ်သည်။

## မဟာဗျူဟာရည်မှန်းချက် ၂.၁ သတင်းမီဒီယာ၊ အများပြည်သူတို့နှင့် ဆက်ဆံပြောဆိုမှု တိုးတက်စေရန်

### ဦးစားပေးအဆင့် ၁ အစီအစဉ်

- တရားသူကြီးများကို သတင်းမီဒီယာဆက်ဆံရေးကျွမ်းကျင်မှုသင်တန်းပေးခြင်း
- တရားရုံးများတွင် အများပြည်သူဆိုင်ရာ သတင်းအချက်အလက်ဝန်ဆောင်မှုများ တိုးတက်စေခြင်း
- အများပြည်သူဆိုင်ရာ သတင်းအချက်အလက်အစီအစဉ် တိုးချဲ့ဆောင်ရွက်ခြင်း

## မဟာဗျူဟာရည်မှန်းချက် ၂.၂ တရားရုံးသတင်းအချက်အလက်ဆိုင်ရာ ရပ်ရွာအခြေပြုအစီအစဉ်များ မြှင့်တင်ဆောင်ရွက်ရန်

### ဦးစားပေးအဆင့် ၁ အစီအစဉ်

- အများပြည်သူအထောက်အကူပြုအစီအစဉ်များ ဆောင်ရွက်ခြင်း
- မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်အပေါ် အများပြည်သူ အသိအမြင်တိုးမြှင့်ပေးသည့် အစီအစဉ်များ ဆောင်ရွက်ခြင်း
- တရားရုံးသတင်းအချက်အလက်များကို တိုင်းရင်းသားဘာသာစကားများဖြင့် ဆောင်ရွက်ပေးခြင်း

ဒီမိုကရေစီစနစ်တစ်ရပ် ပေါ်ထွန်းရေးအတွက် လွတ်လပ်၍ ရန်ပုံငွေ လုံလောက်စွာရရှိပြီး လုပ်ငန်း ကောင်းစွာဆောင်ရွက်နိုင်သည့် တရားစီရင်ရေး တစ်ရပ်ရှိရန် အလွန်အရေးကြီးပါသည်။ တရားစီရင်ရေးကဏ္ဍသည် မြန်မာပြည်သူအားလုံးအတွက် တရားမျှတမှုရရှိရေးနှင့် တရားစီရင်ရေးတာဝန်များ အပြည့်အဝထမ်းဆောင်နိုင်ရန် လုံလောက်သော အရင်းအမြစ်များ ရရှိရေးတို့ကို နိုင်ငံတော်၏ အုပ်ချုပ်ရေးကဏ္ဍ၊ ဥပဒေပြုရေးကဏ္ဍတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ တရားစီရင်ရေးကဏ္ဍသည် ဤမဟာဗျူဟာစီမံကိန်းတွင် ချမှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များ အမှန်တကယ်ဖြစ်ပေါ်လာရေးအတွက် အစိုးရ၏ ဥပဒေပြုရေးကဏ္ဍနှင့် အုပ်ချုပ်ရေးကဏ္ဍတို့က ပေးအပ်ထားသော အရင်းအမြစ်များကို အထိရောက်ဆုံးဖြစ်စေရန် တာဝန်ယူ၍ ခွဲဝေသုံးစွဲစီမံခန့်ခွဲမည်ဖြစ်သည်။ အများပြည်သူ၏ ယုံကြည်ကိုးစားမှုကို တည်ဆောက်ရန်နှင့် တရားစီရင်ရေးလွတ်လပ်မှုကို ထိန်းသိမ်းလုပ်ဆောင်ရန်အတွက် ဘဏ္ဍာရေးနှင့် လူ့အရင်းအမြစ်များကို ခိုင်မာထိရောက်စွာ စီမံခန့်ခွဲ၍ အသုံးပြုရန် အလွန်အရေးကြီးပါသည်။

### မဟာဗျူဟာရည်မှန်းချက် ၃.၁ တရားစီရင်ရေးကို ခိုင်မာ၍ ယုံကြည်ထိုက်သော လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် တိုးမြှင့်ဖော်ဆောင်ရန်

**ဦးစားပေးအဆင့် ၁ အစီအစဉ်**

- တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှု၏ လက်ရှိအနေအထားကို ဆန်းစစ်အကဲဖြတ်ခြင်း
- ကောင်းမွန်စွာ လုပ်ဆောင်နိုင်ပြီး လွတ်လပ်သည့် တရားစီရင်ရေးအဖြစ် တိုးတက်ဖြစ်ပေါ်စေရန် အခြားသောမဏ္ဍိုင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း
- အပြည်ပြည်ဆိုင်ရာ တရားရေးအဖွဲ့အစည်းများနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း
- တရားစီရင်ရေးကဏ္ဍနှင့် သက်ဆိုင်သည့် ဥပဒေမူကြမ်း၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်းနှင့် အခြားဌာနဆိုင်ရာများသို့ သင့်လျော်သလို အကြံပြုချက်များပေးခြင်း

### မဟာဗျူဟာရည်မှန်းချက် ၃.၂ တရားရုံးဘတ်ဂျက်ကို ပွင့်လင်းမြင်သာ၍ တာဝန်ယူမှုဖြင့် အဆိုပြုရန်၊ ထောက်ခံတင်ပြရန်နှင့် စီမံခန့်ခွဲရန်

**ဦးစားပေးအဆင့် ၁ အစီအစဉ်**

- ဘတ်ဂျက်ဦးစားပေးအစီအစဉ်များ သတ်မှတ်၍ ပေါင်းစည်းထားသည့် မဟာဗျူဟာစီမံကိန်း လုပ်ငန်းစဉ်များကို သုံးသပ်ခြင်း
- တရားရုံးဘတ်ဂျက်ကို စီမံခန့်ခွဲရန် တရားရုံးအရာထမ်း၊ အမှုထမ်းများ၏ စွမ်းရည်တိုးတက်မြင့်မားအောင် ဆောင်ရွက်ခြင်း

### မဟာဗျူဟာရည်မှန်းချက် ၃.၃ တရားစီရင်ရေးအတွက်ထိရောက်အကျိုးရှိသည့် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းရည်များ မြှင့်တင်ပေးရန်

#### ဦးစားပေးအဆင့် ၁ အစီအစဉ်

- တရားစီရင်ရေးတစ်ရပ်လုံး၏ IT Master Plan အရ ငါးနှစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း
- နည်းပညာသုံးမှုခင်းစီမံခန့်ခွဲမှုစနစ် (ACMS) စတင်ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း
- တရားရုံးအရာထမ်း၊ အမှုထမ်းများအတွက် စီမံခန့်ခွဲမှုနှင့် နည်းပညာသုံးစွမ်းရည်ဆိုင်ရာသင်တန်းများ ဆက်လက်ပေးခြင်း

#### ဦးစားပေးအဆင့် ၂ အစီအစဉ်

- လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ ခွဲဝေချထားနိုင်ရေးအတွက် ဝန်ထမ်းဆိုင်ရာ လမ်းညွှန်ချက်များ မြှင့်တင်ခြင်း

## မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၄၊

### တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်

မြန်မာနိုင်ငံတရားစီရင်ရေးသည် တရားရုံးရှေ့မှောက်ရှိသူအားလုံးသို့ အရည်အသွေးမြင့် တရားစီရင်ရေးနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို ဖြည့်ဆည်းပေးရန်ဖြစ်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အသစ်ပြဋ္ဌာန်းထားသော တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်များကို အကောင်အထည်ဖော်ရန်နှင့် တရားရုံးများ၏ ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ချက်သည် သက်ဆိုင်သည့်ဥပဒေနှင့် ညီညွတ်စေရေးအတွက် သင့်လျော်သည့် အရေးယူဆောင်ရွက်မှု နည်းလမ်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ တရားသူကြီးများက ၎င်းတို့စစ်ဆေးလျက်ရှိသော အမှုများကို ဥပဒေလုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများ၊ မူဝါဒများ၊ ကျင့်ဝတ်ပိုင်းနှင့် ပညာရပ်ပိုင်းဆိုင်ရာ စံနှုန်းများဖြင့် စီရင်ဆုံးဖြတ်နိုင်ရန်အတွက် လိုအပ်သောသင်တန်းများနှင့် အထောက်အပံ့တို့ကို ပံ့ပိုးဆောင်ရွက်ပေးမည် ဖြစ်သည်။ အများပြည်သူသို့ ဝန်ဆောင်မှုပေးသည့် နေ့စဉ် အရေးကြီးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တရားသူကြီးများနှင့် ရုံးဝန်ထမ်းများအတွက် ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်တစ်ရပ် ဖန်တီးပေးရမည်ဖြစ်သည်။ တရားစီရင်ရေးဆိုင်ရာ လေ့ကျင့်သင်ကြားမှု ဗဟိုဌာနသစ်တစ်ခုနှင့် ဥပဒေသုတေသနစာကြည့်တိုက်များ တည်ထောင်ရန်နှင့် အွန်လိုင်းဖြင့် သုတေသနပြုမှုကို ခေတ်နှင့်အညီ ပြုလုပ်နိုင်ရန်တို့အတွက် သင့်လျော်သော ရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်၍ တာဝန်ခံနိုင်သော တရားစီရင်ရေးတစ်ရပ်သည် ဥပဒေနှင့်အညီ မျှတစွာ ဆုံးဖြတ်ခြင်း၊ လွှမ်းမိုးစွက်ဖက်ခံရမှုကင်းခြင်းဖြင့် အများပြည်သူအားလုံး၏ ယုံကြည်လေးစားမှုကို ရရှိမည်ဖြစ်သည်။

## မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၄၊ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်

### မဟာဗျူဟာရည်မှန်းချက် ၄.၁ တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းနှင့် နည်းပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှု မြင့်မားစေရန်

#### ဦးစားပေးအဆင့် ၁ အစီအစဉ်

- တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းဆိုင်ရာ တိုးတက်မှုအတွက် ပံ့ပိုးကူညီခြင်း
- တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၏ ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှုအတွက် ပံ့ပိုးကူညီခြင်း

### မဟာဗျူဟာရည်မှန်းချက် ၄.၂ တရားရုံးအရာထမ်း၊ အမှုထမ်းများ၏ တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အရည်အသွေးများ အားကောင်းလာစေရေး ဆက်လက်ဆောင်ရွက်ရန်

#### ဦးစားပေးအဆင့် ၁ အစီအစဉ်

- တရားရုံးစာကြည့်တိုက်များ အဆင့်မြှင့်တင်ခြင်းအပါအဝင် ဥပဒေရေးရာ သုတေသနစွမ်းရည်များ တိုးတက်ရေး ဆောင်ရွက်ခြင်း
- တရားစီရင်ဆောင်ရွက်မှု တိုးတက်ကောင်းမွန်ရေးကို အထောက်အကူပြုရန် အချက်အလက်စုဆောင်းခြင်းနှင့် လေ့လာဆန်းစစ်ခြင်း
- တရားသူကြီးများအတွက် တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာစေရန် သီးသန့်သင်တန်းများပေးခြင်း
- တရားရုံးဝန်ထမ်းများ၏ စွမ်းဆောင်မှုနှင့် အများပြည်သူကျေနပ်မှု မြှင့်တင်ရန် သင်တန်းများ ဆက်လက်ပေးခြင်း

#### ဦးစားပေးအဆင့် ၂ အစီအစဉ်

- တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှု မြှင့်တင်ရန်

### မဟာဗျူဟာရည်မှန်းချက် ၄.၃ တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေး ဆောင်ရွက်ပေးရန်

#### ဦးစားပေးအဆင့် ၁ အစီအစဉ်

- တရားရုံးဘေးကင်းလုံခြုံမှုနှင့် စပ်လျဉ်း၍ လက်ရှိအခြေအနေအပေါ် လေ့လာဆန်းစစ်ခြင်းနှင့် အကြံပြုခြင်း
- တရားရုံးများ၏ ဘေးကင်းလုံခြုံမှု တိုးတက်စေခြင်း
- လုံလောက်သည့် ဝန်ထမ်းအိမ်ရာများ ပံ့ပိုးပေးခြင်း

### မဟာဗျူဟာရည်မှန်းချက် ၄.၄ တရားရေးသင်တန်းကျောင်းအသစ် တည်ထောင်ရန်

#### ဦးစားပေးအဆင့် ၂ အစီအစဉ်

- တရားရေးသင်တန်းကျောင်း ပုံစံထုတ်ခြင်း၊ ဘဏ္ဍာရေးရှာဖွေခြင်း၊ တည်ဆောက်ခြင်းအတွက် ရေရှည်စီမံကိန်းတစ်ရပ် ရေးဆွဲခြင်း

#### ဦးစားပေးအဆင့် ၃ အစီအစဉ်

- တရားရေးလေ့ကျင့်သင်တန်းကျောင်းစီမံကိန်းကို အကောင်အထည်ဖော်ခြင်း

အများပြည်သူက အမှုအခင်းများကို ဥပဒေနှင့်အညီ တရားမျှတ၍ အချိန်မီထိရောက်စွာ ဖြေရှင်းပေးသည့် တရားရုံးစနစ်တစ်ခုကို လိုလားပါသည်။ မြန်မာနိုင်ငံတစ်ဝှမ်းရှိ တရားရုံးများတွင် ရှေ့ပြေးတရားရုံးအစီအစဉ်၏ လတ်တလောအတွေ့အကြုံကို အခြေခံသည့် မှုခင်းစီမံခန့်ခွဲမှုနည်းလမ်းသစ်များကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ခေတ်မီနည်းပညာသုံး မှုခင်းစီမံခန့်ခွဲမှုစနစ် အထောက်အကူပြုသည့် ထိရောက်သော အမှုသွားအမှုလာ စီမံခန့်ခွဲမှုနည်းစနစ်များသည် ကျူးလွန်ခံရသူများ၊ သက်သေများ၊ ရှေ့နေများနှင့် တရားရုံးဝန်ထမ်းများ၏ ဝန်ထုပ်ဝန်ပိုးကို လျော့နည်းစေနိုင်မည်ဖြစ်သည်။ ခေတ်မီမှုခင်းစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များက အမှုရွှေ့ဆိုင်းမှုကြောင့် ဖြစ်ပေါ်စေသည့် အချိန်ပြုန်းတီးမှုကို သိသာထင်ရှားစွာ လျော့ကျစေနိုင်မည်ဖြစ်သည်။ မြန်မာတရားစီရင်ရေးသည် အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာသော ခေတ်မီစီးပွားရေးစနစ်မှ ပေါ်ပေါက်လာမည့် အငြင်းပွားမှုများကို ဖြေရှင်းရန်အလို့ငှာ အထူးမှုခင်းကိစ္စရပ်များအတွက် ဆောင်ရွက်မည့် တရားခွင်များနှင့် ဌာနခွဲများ သတ်မှတ်တည်ထောင်မည်ဖြစ်ပြီး ခေတ်မီ၍ ထိရောက်မှုရှိသော အပြည်ပြည်ဆိုင်ရာ စီရင်ဆုံးဖြတ်သည့်စံနှုန်းများဖြင့် အမှုဖြေရှင်းဆုံးဖြတ်သည့် လုပ်ထုံးလုပ်နည်းသစ်များကိုလည်း ချမှတ်ဆောင်ရွက်မည်ဖြစ်သည်။

လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေသည့် ခေတ်မီစီးပွားရေးစနစ်အရ ဖြစ်ပေါ်လာမည့် အငြင်းပွားမှုတို့ကို ဖြေရှင်းရန်အတွက် မြန်မာတရားစီရင်ရေးသည် တရားရုံးများတွင် အထူးဆောင်ရွက်မည့်ရုံးများနှင့် တရားခွင်များကို သတ်မှတ်၍ စတင်ဆောင်ရွက်တော့မည်ဖြစ်သည်။ ထို့အတူ ခေတ်မီ၍ ထိရောက်မှုရှိသည့် အပြည်ပြည်ဆိုင်ရာ အမှုစီရင်ဆုံးဖြတ်သည့်စံနှုန်းများကို အသုံးပြု၍ အမှုဖြေရှင်းဆုံးဖြတ်သည့် လုပ်ထုံးလုပ်နည်းများကိုလည်း ချမှတ်ဆောင်ရွက်မည်ဖြစ်သည်။

### မဟာဗျူဟာရည်မှန်းချက် ၅.၁ နိုင်ငံတစ်ဝှမ်း တရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (CMP) တစ်ရပ် အကောင်အထည်ဖော် ဆောင်ရွက်ရန်

#### ဦးစားပေးအဆင့် ၁ အစီအစဉ်

- နိုင်ငံတစ်ဝှမ်းတရားရုံးများတွင် ရေးဆွဲထားသော CMP ကို သုံးနှစ်အတွင်း အဆင့်လိုက် အကောင်အထည်ဖော်ရန် စတင်ဆောင်ရွက်ခြင်း
- CMP နှင့် စပ်လျဉ်း၍ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအား လေ့ကျင့်သင်ကြားသည့်အစီအစဉ် ဆောင်ရွက်ခြင်း

### မဟာဗျူဟာရည်မှန်းချက် ၅.၂ တရားရုံးက ဆောင်ရွက်မည့် အထူးမှုခင်းကိစ္စရပ်အတွက် နယ်ပယ်များသတ်မှတ်ခြင်း

#### ဦးစားပေးအဆင့် ၁ အစီအစဉ်

- တရားရုံးက ဆောင်ရွက်မည့်အထူးမှုခင်းကိစ္စရပ်အတွက် နယ်ပယ်များသတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

#### ဦးစားပေးအဆင့် ၃ အစီအစဉ်

- ကာကွယ်စောင့်ရှောက်မှု လိုအပ်သည့် အုပ်စုများအတွက် အရင်းအမြစ်ကျသော တရားမျှတမှု တိုးမြှင့်ဆောင်ရွက်ခြင်း

### မဟာဗျူဟာရည်မှန်းချက် ၅.၃ ထိရောက်မြန်ဆန်သော တရားရုံးအငြင်းပွားမှု ဖြေရှင်းရေးစနစ်များ သတ်မှတ်ဆောင်ရွက်ရန်

#### ဦးစားပေးအဆင့် ၁ အစီအစဉ်

- တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို တရားရုံးများတွင် စတင်ဆောင်ရွက်ခြင်း




တရားလွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခြင်း

ငါးနှစ်တာမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) အတွက် လုပ်ငန်းလျာထားသတ်မှတ်ချက်များကို ရည်မှန်းကာလအတိုင်းအတာ သုံးခုသတ်မှတ်၍ ပူးတွဲပါဇယားဖြင့် ဖော်ပြထားသည်။ လုပ်ငန်း လျာထားသတ်မှတ်ချက်အတွက် ရည်မှန်းကာလများသည် မဟာဗျူဟာအစီအစဉ်များ၏ ဦးစားပေးအဆင့် ၁ (၂၀၁၈ ခုနှစ်)၊ ဦးစားပေးအဆင့် ၂ (၂၀၁၉-၂၀၂၀ ခုနှစ်)နှင့် ဦးစားပေးအဆင့် ၃ (၂၀၂၁-၂၀၂၂ ခုနှစ်)တို့အတွက် ဦးစားပေးအစီအစဉ်များနှင့် ယေဘုယျအားဖြင့် ထပ်တူဖြစ်သည်။

၂၀၁၅-၂၀၁၇ ခုနှစ် မဟာဗျူဟာစီမံကိန်းတွင် လုပ်ငန်းလျာထားသတ်မှတ်ချက်များသည် ရှေ့ပြေးတရားရုံး၏ဆောင်ရွက်ချက်များအပေါ်တွင်သာ အဓိကတိုင်းတာဆောင်ရွက်ခဲ့သော်လည်း ၂၀၁၈- ၂၀၂၂ ခုနှစ် မဟာဗျူဟာစီမံကိန်း၏ လုပ်ငန်းလျာထားသတ်မှတ်ချက်များသည် တရားရုံးအားလုံးနှင့် သက်ဆိုင်သည်။ ယခင်မဟာဗျူဟာစီမံကိန်းတွင် စတင်အကောင်အထည်ဖော်ခဲ့သော ရှေ့ပြေးတရားရုံးအစီအစဉ်သည် ၂၀၁၇ ခုနှစ်တွင် ပြီးဆုံးခဲ့ ပြီး အဆိုပါရှေ့ပြေးတရားရုံး၏ မှုခင်းစီမံခန့်ခွဲမှု အကောင်းဆုံးကျင့်စဉ်များကို နိုင်ငံတစ်ဝှမ်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အဖြစ် တရားရုံးများအားလုံးသို့ သုံးနှစ်အတွင်း အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

၂၀၁၉-၂၀၂၀ ခုနှစ်အတွက် လုပ်ငန်းလျာထားသတ်မှတ်ချက်များကို ရှေ့ပြေးတရားရုံး၏ အကောင်းဆုံးကျင့်စဉ်များအားအကောင်အထည်ဖော်မည့်တရားရုံးများအတွက်မြှင့်၍သတ်မှတ်ထားခြင်းဖြစ်သည်။ ၂၀၁၉-၂၀၂၀ ခုနှစ်အတွက် လုပ်ငန်းလျာထားသတ်မှတ်ချက်များကို တရားရုံးအားလုံးအတွက် စံသတ်မှတ်ချက်အဖြစ် ဖော်ပြရန် ရည်ရွယ်သည်။

| အဓိကဆောင်ရွက်မှု အတိုင်းအတာ | အခြေခံမျဉ်း အချက်အလက် အရင်းအမြစ် | တိုင်းတာမှု | အခြေခံမျဉ်း | လုပ်ငန်းလျာထားသတ်မှတ်ချက် | | |
|---|---|---|---|---|---|---|
| | | | | ၂၀၁၈ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ |
| ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း (စွဲဆိုသည့်အမှုနှင့် ပြီးပြတ်သည့်အမှု အချိုးအစား) | တစ်နိုင်ငံလုံး အမှုပြီးပြတ်နှုန်း[၁] | ရာဇဝတ်မှု အမှုပြီးပြတ်နှုန်း | ၉၈% | ၉၉% | ၁၀၀% | ၁၀၀% |
| | | တရားမမှု အမှုပြီးပြတ်နှုန်း | ၉၆% | ၉၈% | ၁၀၀% | ၁၀၀% |
| | | စုစုပေါင်း အမှုပြီးပြတ်နှုန်း | ၉၇% | ၉၉% | ၁၀၀% | ၁၀၀% |
| စစ်ဆေးဆဲအမှုများ၏ သက်တမ်း (သတ်မှတ် ကာလကျော်လွန်သည့် အမှုအရေအတွက်နှင့် စုစုပေါင်းစစ်ဆေးဆဲ အမှုအရေအတွက် အချိုးအစား) | တစ်နိုင်ငံလုံး စစ်ဆေးဆဲ အမှုများ၏သက်တမ်း[၂] | ၁၂ လအထက် စစ်ဆေးဆဲရာဇဝတ်မှု | ၇% | ၆% | ၅% | ၅% |
| | | ၃၆ လအထက် စစ်ဆေးဆဲတရားမမှု[၃] | ၅% | ၃% | ၂% | ၂% |
| တရားရုံး အသုံးပြုသူများ၏ ကျေနပ်မှု (တရားရုံး၏စွမ်းရည်နှင့် ဝန်ဆောင်မှုအပေါ် အသုံးပြုသူများ၏ကျေနပ်မှု ရာခိုင်နှုန်း) | ရှေ့ပြေးတရားရုံးများ၏ မေးခွန်း ၁၀ ခုပါ စစ်တမ်း - ၂၀၁၇ ခုနှစ်[၄] | တရားရုံးအသုံးပြုသူ များ၏ကျေနပ်မှု (မေးခွန်း၁၀ခုပါ စစ်တမ်း) | ၇၂% | ၇၅% | ၇၇% | ၈၀% |
| အမှုရွှေ့ဆိုင်းသည့်နှုန်း (ရုံးချိန်းချိန်းဆိုမှုနှင့် အမှုရွှေ့ဆိုင်းမှုအချိုးအစား) | ရှေ့ပြေးတရားရုံးများ (၂၀၁၇ ခုနှစ်) | ရာဇဝတ်မှု ရွှေ့ဆိုင်းနှုန်း | ၃၀% | ၂၅% | ၂၀% | ၂၀% |
| | | တရားမမှု ရွှေ့ဆိုင်းနှုန်း | ၂၆% | ၂၅% | ၂၀% | ၂၀% |
| အမှုအလိုက် အမှုကြားနာရန် ချိန်းဆိုသော ပျမ်းမျှရုံးချိန်း အရေအတွက် (အမှုစွဲဆိုသည်မှ ပြီးပြတ်သည်ထိ ကြားနာသည့် ရုံးချိန်း အရေအတွက်) | ရှေ့ပြေး တရားရုံးများ (၂၀၁၇ ခုနှစ်) | ရာဇဝတ်မှု | ၈.၅ | ၈ | ၈ | ၈ |
| | | တရားမမှု | ၂၁.၅ | ၁၈ | ၁၄ | ၁၂ |

[၁] ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားရုံးနှစ်စဉ်အစီရင်ခံစာမှ အမှုပြီးပြတ်နှုန်းဖော်ပြချက်

[၂] ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားရုံးနှစ်စဉ်အစီရင်ခံစာမှ စစ်ဆေးဆဲအမှုများ၏သက်တမ်းဖော်ပြချက်

[၃] တရားရုံးနှစ်စဉ်အစီရင်ခံစာ (၂၀၁၆) တွင် ၃၆ လအထက်ကြန့်ကြာသော တရားမမှုလမှုများနှင့် ၁၂ လအထက်ကြန့်ကြာသော ရာဇဝတ်မှုလမှုများကို ကြန့်ကြာမှုခင်းအဖြစ်သတ်မှတ်ထားပါသည်။ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်တွင် အမှု၏ ရှုပ်ထွေးမှုအပေါ် မူတည်၍ မတူညီသော အချိန်သတ်မှတ်ချက် စံနှုန်းအသစ်များ သတ်မှတ်ထားပါသည်။ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရ ၁၈ လအထက် ကြန့်ကြာသော ပုံမှန်တရားမမှုလမှုများနှင့် ၂၄ လအထက် ကြန့်ကြာသော ရှုပ်ထွေးသော တရားမမှုလမှုများကို ကြန့်ကြာမှုခင်းအဖြစ် သတ်မှတ်ပါသည်။

[၄] ရှေ့ပြေးတရားရုံးရှစ်ရုံး၏ အသုံးပြုသူများကျေနပ်မှုစစ်တမ်း (မေးခွန်း ၁၀ ခု)၊ ပိတ်သိမ်းပြီးအမှုများ၏ ပျမ်းမျှအမှုရွှေ့ဆိုင်းမှုစစ်တမ်းနှင့် အမှုကြားနာရန်ချိန်းဆိုသည့်အကြိမ်အရေအတွက် (၂၀၁၇ ခုနှစ် ဇူလိုင်)




*အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်း*

## မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်း

ဤမဟာဗျူဟာစီမံကိန်းတွင် ချမှတ်ထားသော ရည်မှန်းချက်များအောင်မြင်မှုရရှိရန် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်ထောင်စုတရားသူကြီးချုပ်၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအားလုံးနှင့် အဆင့်မြင့်အရာရှိကြီးများ ပါဝင်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီသည် မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါ စီမံခန့်ခွဲရေးကော်မတီအနေဖြင့် ပြုပြင်ပြောင်းလဲရေးမူဝါဒချမှတ်ခြင်းနှင့် မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်အရပ်ရပ်တို့ကို ကြီးကြပ်ဆောင်ရွက်မည်ဖြစ်သည်။

ပြည်ထောင်စုအဆင့်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦး ဦးဆောင်သော မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီက စီမံကိန်းအကောင်အထည်ဖော်မှုကို အထူးကြပ်မတ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် စီမံခန့်ခွဲသည့်လုပ်ငန်းများကို စောင့်ကြည့်လေ့လာခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါကော်မတီသည် စီမံကိန်းလုပ်ငန်းများ၏ တိုးတက်မှုကို ပြည်ထောင်စုတရားသူကြီးချုပ်ထံ ပုံမှန်အစီရင်ခံစာတင်ပြခြင်းနှင့် တစ်နှစ်တာလုပ်ငန်းအစီအစဉ်အတွက် သက်ဆိုင်ရာနှစ်အလိုက် ဆောင်ရွက်ချက်များ ရေးဆွဲပြုစုခြင်းတို့ကို ဆောင်ရွက်မည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ် ဦးဆောင်သည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံခန့်ခွဲရေးအဖွဲ့က ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါ စီမံခန့်ခွဲရေးအဖွဲ့သည် သက်ဆိုင်ရာဒေသအတွင်း စီမံကိန်းလုပ်ငန်း တိုးတက်မှုအခြေအနေကို မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီထံ ပုံမှန်အစီရင်ခံ တင်ပြရမည် ဖြစ်သည်။

အထူးအားဖြင့် ဤမဟာဗျူဟာစီမံကိန်းသည် ရည်မှန်းချက်မြင့်မားပြီး စိန်ခေါ်မှုများရှိနေသောကြောင့် တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် တရားရုံးဝန်ထမ်းအားလုံးက တရားရုံး၏ အကောင်းဆုံးဂုဏ်သတင်းကို ထိန်းသိမ်းလျက် အရည်အသွေးမြင့် တရားမျှတမှု ရရှိစေရန် စိတ်အားထက်သန်စွာ အားထုတ်မှု၊ ရဲရင့်စွာ ဆောင်ရွက်ပေးမှုတို့အပေါ် တည်မှီနေမည်ဖြစ်သည်။

| မဟာဗျူဟာဖော်ဆောင်မည့် နယ်ပယ်များ/ မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေး အဆင့် | အချိန် သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| မဟာဗျူဟာရည်မှန်းချက် ၁.၁<br>ထိရောက်သောဥပဒေဆိုင်ရာအထောက် အကူပေးရေးစနစ် တည်ထောင်ရန် | ၁.၁.၁ နိုင်ငံတစ်ဝှမ်းတွင် ထိရောက်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးစနစ်တစ်ရပ်ကို စီမံဆောင်ရွက်ရန် ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အား ကူညီဆောင်ရွက်ပေးခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | ULAB + LAWG + LPDP + IPs + PRLP + MJ | အချိန်မီပြီးစီးမှု |
| မဟာဗျူဟာရည်မှန်းချက် ၁.၂<br>တရားရုံး အသုံးပြုသူများ လက်လှမ်းမီ နိုင်မှု တိုးတက်စေရန် | ၁.၂.၁ တရားရုံးများတွင် ခေတ်မီ အများပြည်သူဆိုင်ရာ သတင်းအချက်အလက်ကောင်တာများနှင့် အမှုလက်ခံဌာနများ တည်ထောင်ခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | BLDP + HCs + IPs + PRLP | တည်ထောင်ပြီး အရေအတွက် + တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှု |
| | ၁.၂.၂ အများပြည်သူအတွက် နည်းပညာသုံး မှုခင်းသတင်းအချက်အလက်စနစ် ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | BLDP + IT&PRDP + IPs | အချိန်မီပြီးစီးမှု |
| မဟာဗျူဟာရည်မှန်းချက် ၁.၃<br>တရားရုံးသို့ လာရောက်သူများအား ယဉ်ကျေးလိုက်လျှော လေးစားစွာ ဆက်ဆံရန် | ၁.၃.၁ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအတွက် ဝန်ဆောင်မှုသင်တန်း ဆက်လက်ပေးခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | CMC+ TDP + All courts + IPs | သင်တန်းတက်ရောက်ပြီး ဦးရေ + သင်တန်းတက်ရောက်သူများ၏ သုံးသပ်ချက် + တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှု |
| မဟာဗျူဟာရည်မှန်းချက် ၁.၄<br>တရားရုံးဝန်ဆောင်မှုများ လက်လှမ်းမီ နိုင်မှု တိုးတက်စေရေးအတွက် တရားရုံးအဆောက်အဦအသစ်များ ဆောက်လုပ်ရန်နှင့် လက်ရှိ အဆောက်အဦများအား ပြုပြင်မွမ်းမံရန် | ၁.၄.၁ တရားရုံးဝန်ဆောင်မှုများ လက်လှမ်းမီနိုင်မှု တိုးတက်ရေးအတွက် အခြေခံစံထားရှိသည့်ပုံစံ သတ်မှတ်ခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | BLDP + PRLP | အချိန်မီပြီးစီးမှု |
| | ၁.၄.၂ တရားရုံးတွင် ပြည့်စုံလုံလောက်မှုနှင့် စိတ်ချရမှုတို့ကို ရရှိခံစားနိုင်စေရန် တရားရုံးအထောက်အပံ့ပစ္စည်းများ ခေတ်မီအောင် ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | BLDP+ IT&PRDP+ HCs+ DCs+ UNICEFWG+ IPs+ UNICEF | ဆောင်ရွက်ပြီး အရေအတွက် |

## ငါးနှစ်တာမဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၁၈ - ၂၀၂၂)

### မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၂။ အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်

| မဟာဗျူဟာဖော်ဆောင်မည့် နယ်ပယ်များ/ မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေး အဆင့် | အချိန် သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
| --- | --- | --- | --- | --- | --- |
| **မဟာဗျူဟာရည်မှန်းချက် ၂.၀**<br>သတင်းမီဒီယာ၊ အများပြည်သူတို့နှင့် ဆက်ဆံပြောဆိုမှု တိုးတက်စေရန် | ၂.၀.၁ တရားသူကြီးများကို မီဒီယာဆက်ဆံရေး ကျွမ်းကျင်မှု သင်တန်းပေးခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | TDP + IT& PRDP + HCs + IPs + PRLP | သင်တန်းပေးပြီး အရေအတွက် + သင်တန်း မစတင်မီ/ ပြီး နောက် စမ်းသပ်စစ်ဆေးမှုများ |
| | ၂.၀.၂ တရားရုံးများတွင် အများပြည်သူဆိုင်ရာ သတင်းအချက် အလက်ဝန်ဆောင်မှုများ တိုးတက်စေခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | IT&PRDP + All courts | ပြည်သူများ၏ ကျေနပ်မှု + ထိတွေ့ဆက်ဆံမှုအရေအတွက် |
| | ၂.၀.၃ အများပြည်သူဆိုင်ရာ သတင်းအချက်အလက် အစီအစဉ် တိုးချဲ့ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | IT&PRDP + LPDP + CART + UNICEFWG + ASEAN Js + IPs + UNICEF + FCA + UNDP | တိုးတက်မှုအဆင့် + အချိန်မီပြီးစီးမှု |
| **မဟာဗျူဟာရည်မှန်းချက် ၂.၂**<br>တရားရုံးသတင်း အချက်အလက် ဆိုင်ရာ ရပ်ရွာအခြေပြု အစီအစဉ်များ မြှင့်တင်ဆောင်ရွက်ရန် | ၂.၂.၁ အများပြည်သူ အထောက်အကူပြု အစီအစဉ်များ ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | ADP + IT&PRDP + CRC + All courts + IPs + PRLP + UNODC + MJ | အစီအစဉ် အရေအတွက် |
| | ၂.၂.၂ မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေး ကျင့်ဝတ်အပေါ် အများပြည်သူ အသိအမြင်တိုးမြှင့်ပေးသည့် အစီအစဉ်များ ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | JERC + ECWG + DPWG + All courts + IPs + DP | လုပ်ဆောင်မှု အရေအတွက် |
| | ၂.၂.၃ တရားရုံးသတင်းအချက်အလက်များကို တိုင်းရင်းသား ဘာသာစကားများဖြင့် ဆောင်ရွက်ပေးခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | IT&PRDP + HCs + IPs + MJ | ဖြန့်ဝေမှု အရေအတွက် |

| မဟာဗျူဟာဖော်ဆောင်မည့် နယ်ပယ်များ/ မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေး အဆင့် | အချိန် သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၃.၁**<br>တရားစီရင်ရေးကို ခိုင်မာ၍ ယုံကြည်ထိုက်သော လွတ်လပ်သည့် အဖွဲ့အစည်း တစ်ရပ်အဖြစ် တိုးမြှင့်ဖော်ဆောင်ရန် | ၃.၁.၁ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှု၏ လက်ရှိအနေအထားကို ဆန်းစစ်အကဲဖြတ်ခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | IR&RDP + DPWG + IPs +DP + IDEA | အချိန်မီပြီးစီးမှု |
| | ၃.၁.၂ ကောင်းမွန်စွာလုပ်ဆောင်နိုင်ပြီး လွတ်လပ်သည့် တရားစီရင်ရေးအဖြစ် တိုးတက်ဖြစ်ပေါ်စေရန် အခြားသော မဏ္ဍိုင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ဆက်ဆံရေးတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | USC + Gov't stakeholders + CSOs + IPs + IDEA + UNICEF | တွေ့ဆုံမှုအရေအတွက် + အကျိုးသက်ဆိုင်သူများ၏ သဘောထားအမြင် + အလုပ်ရုံဆွေးနွေးပွဲရလဒ် |
| | ၃.၁.၃ အပြည်ပြည်ဆိုင်ရာ တရားရေးအဖွဲ့အစည်းများနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | USC + IJIs + IPs + ADB | တွေ့ဆုံဆွေးနွေးမှုများ၏ရလဒ် |
| | ၃.၁.၄ တရားစီရင်ရေးကဏ္ဍနှင့် သက်ဆိုင်သည့် ဥပဒေမူကြမ်း၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်းနှင့် အခြားဌာနဆိုင်ရာများသို့ သင့်လျော်သလို အကြံပြုချက်များ ပေးခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | LPDP + IR&RDP + WG I + ILDC + ILWG + IPs + ADB + JICA | သုံးသပ်ခဲ့သည့် ဥပဒေမူကြမ်းနှင့် ဥပဒေပြင်ဆင်ချက် အရေအတွက် +အချိန်မီပြီးစီးမှု |
| **မဟာဗျူဟာရည်မှန်းချက် ၃.၂**<br>တရားရုံးဘတ်ဂျက်ကို ပွင့်လင်းမြင်သာ၍ တာဝန်ယူမှုဖြင့် အဆိုပြုရန်၊ ထောက်ခံတင်ပြရန်နှင့် စီမံခန့်ခွဲရန် | ၃.၂.၁ ဘတ်ဂျက်ဦးစားပေး အစီအစဉ်များ သတ်မှတ်၍ ပေါင်းစည်းထားသည့် မဟာဗျူဟာစီမံကိန်းလုပ်ငန်းစဉ်များကို သုံးသပ်ခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | SPIC+ BLDP+ IPs + PRLP | မဟာဗျူဟာစီမံကိန်းနှင့် ဘတ်ဂျက် ဦးစားပေးအစီအစဉ်တို့ ချိတ်ဆက်နိုင်မှု + ရှင်းလင်းချက်ဖြင့် ဘတ်ဂျက် အချိန်မီတောင်းခံနိုင်မှု + အဆိုပြုဘတ်ဂျက်အား အတည်ပြုမှုအတိုင်းအတာ |

## မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၃၊ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန်

| မဟာဗျူဟာဖော်ဆောင်မည့် နယ်ပယ်များ/ မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေး အဆင့် | အချိန် သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၃.၂**<br>တရားရုံးဘတ်ဂျက်ကို ပွင့်လင်းမြင်သာ၍ တာဝန်ယူမှုဖြင့် အဆိုပြုရန်၊ ထောက်ခံတင်ပြရန်နှင့် စီမံခန့်ခွဲရန် | ၃.၂.၂ တရားရုံးဘတ်ဂျက်ကို စီမံခန့်ခွဲရန် တရားရုံးအရာထမ်း၊ အမှုထမ်းများ၏စွမ်းရည် တိုးတက်မြင့်မားအောင် ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | BLDP+HCs+ IPs+ PRLP | ပြဿနာများဖြေရှင်းနိုင်မှု + သင်တန်းပို့ချပြီး အရာထမ်း၊ အမှုထမ်းအရေအတွက် |
| **မဟာဗျူဟာရည်မှန်းချက် ၃.၃**<br>တရားစီရင်ရေးအတွက် ထိရောက်အကျိုးရှိသည့် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်ပေးရန် | ၃.၃.၁ တရားစီရင်ရေးတစ်ရပ်လုံး၏ IT Master Plan အရ ငါးနှစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | IT&PRDP+ All courts+ IPs | အချိန်မီပြီးစီးမှု |
| | ၃.၃.၂ နည်းပညာသုံးမှုခင်းစီမံခန့်ခွဲမှုစနစ် (ACMS) စတင်ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | IT&PRDP + CrJDP+ CJDP+ WDP + All courts + IPs + PRLP + UNDP | အချိန်မီပြီးစီးမှု |
| | ၃.၃.၃ တရားရုံးအရာထမ်း၊ အမှုထမ်းများအတွက် စီမံခန့်ခွဲမှုနှင့် နည်းပညာစွမ်းရည်ဆိုင်ရာ သင်တန်းများ ဆက်လက်ပေးခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | USC all departments + All courts+ IPs +PRLP+ UNDP | သင်တန်းပို့ချပြီး အရာထမ်း၊ အမှုထမ်း အရေအတွက် |
| | ၃.၃.၄ လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ ခွဲဝေချထားနိုင်ရေးအတွက် ဝန်ထမ်းဆိုင်ရာလမ်းညွှန်ချက်များ မြှင့်တင်ခြင်း | ဦးစားပေး အဆင့် ၂ | ၂၀၁၉-၂၀၂၀ | ADP+ IPs | အချိန်မီပြီးစီးမှု |

| မဟာဗျူဟာဖော်ဆောင်မည့် နယ်ပယ်များ/ မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေး အဆင့် | အချိန် သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
| --- | --- | --- | --- | --- | --- |
| **မဟာဗျူဟာရည်မှန်းချက် ၄.၁**<br>တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းနှင့် ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှုမြင့်မားစေရန် | ၄.၁.၁ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းဆိုင်ရာ တိုးတက်မှုအတွက် ပံ့ပိုးကူညီခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | JERC+ CRC+ ADP+TDP+ ECWG+UNODCWG+ IPs + DP + UNODC | အချိန်မီပြီးစီးမှု+ ဆွေးနွေးပွဲရလဒ် |
| | ၄.၁.၂. တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၏ ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှုအတွက် ပံ့ပိုးကူညီခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | TDP+ ADP+ PDWG+ IPs +PRLP | အချိန်မီပြီးစီးမှု |
| **မဟာဗျူဟာရည်မှန်းချက် ၄.၂**<br>တရားရုံးအရာထမ်း၊ အမှုထမ်းများ၏ တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အရည်အသွေးများ အားကောင်းလာစေရေး ဆက်လက် ဆောင်ရွက်ရန် | ၄.၂.၁. တရားရုံးစာကြည့်တိုက်များ အဆင့်မြှင့်တင်ခြင်းအပါအဝင် ဥပဒေရေးရာ သုတေသနစွမ်းရည်များ တိုးတက်ရေးဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | ၂၀၁၈ | IR&RDP+ IT&PRDP+ DPWG+ + IPs +DP | သုတေသန ဆောင်ရွက်မှု+ စာကြည့်တိုက်များ၏ တိုးတက်မှု |
